
ဘောင်
(ရှမ်းမြောက်)
အခန်းနံပါတ် ၁၀၄ မှာ
ကျွန်မရှိတယ်

# အခန်းနံပါတ် ၁၀၄မှာ ကျွန်မရှိတယ်

ညနေနေဝင်ချိန်...

ပလပ်ဖောင်းပေါ်၌ မြင့်ဇော်တစ်ယောက် လမ်းလျှောက်လာသည် ။ အလုပ်ဆင်း၍ အိမ်သို့ ပြန်လာခြင်း ဖြစ်၏ သူ၏ အလုပ်မှာ ဝေ့စ်ရှော့ဆိုင်တွင် အလုပ် လုပ်ခြင်း ဖြစ်သည် ။ ယခု လမ်းလျှောက်နေရင်း မြင့်ဇော် ခေါင်း၌ အတွေးတစ်ခု ဝင်နေသည် ။

ဘာဖြစ်လို့ လဲ ဆိုတော့ရှေ့မှာ လမ်းခွဲရှိနေခြင်း ဖြစ်သည် ။ လမ်းတစ်ခုက ဖြတ်လမ်းဆိုပါတော့။ ဖြတ်လမ်းက သွားလျှင် အိမ်နဲ့ ဆိုင် ၂၀မိနစ်ခန့်သာ ကြာသည် ။ ကျန်လမ်း တစ်လမ်းကတော့ 40မိနစ်ခန့် လျှောက်ရမည်ဟု သိရသည် ။ ထို့ကြောင့် ဖြတ်လမ်းက သွားရမှာ လား။ ကျန်တစ်လမ်း ဖြစ်တဲ့ 'မိတ်ဆွေ'လမ်းကဘဲ သွားရမှာ လား ဆိုတာ မြင့်ဇော် ဇဝေဇဝါ ဖြစ်နေသည် မှာ အမှန်။ ဖြတ်လမ်းက သွားတာတော့ ကိစ္စ မရှိပေ။

သို့သော် ထိုလမ်းတွင် လူအနေအထိုင် အသွားအလာ နည်းပြီး မရှိတော့ချေ။ မှန်ပါသည် ။ ယခုတလော ထိုလမ်း၌ သရဲခြောက်သည် ဟု နာမည် ကြီးနေသည် ။ ထိုလမ်း၌ ငါးထပ်တိုက် ဟိုတယ် ရှိသည် ဟုလည်း သိရသည် ။

မကြာမီကထို ဟိုတယ်ပေါ်မှ မိန်းကလေး ချောချောတစ်ယောက် ခုန်ချ၍ သေဖူးသည် ဟု သိရသည် ။ နောက်ပိုင်းတွေ ထိုဟိုတယ်၌ သရဲခြောက်လွန်းလို့ နာမည် ကြီးလာကာ လူအနေထိုင်နည်း အသွားလာ ကျဲသွားခဲ့သည် ။ ဟိုတယ်ရှေ့ ဖြတ်လျှောက်သမျှ လူတိုင်းလိုလို ခြောက်ခံရသည် ဟု မြင့်ဇော် ကြားဖူးသည် ။ အရင်တုန်းကဆို မြင့်ဇော်လည်း ထိုလမ်းမှ ဖြတ်လျှောက်နေကျ။ နောက်ပိုင်း သရဲခြောက်သည် ဟု နာမည်ကြီးလာတော့ သူလည်း ထိုလမ်းမှ မသွားတော့သည် မှာ ကြာလှပြီ။ ယခုမှာ သွားမည်ဟု ဆုံးဖြတ်ချက် ချလိုက်ခြင်း ဖြစ်သည် ။

ထိုလမ်းကသွားလျှင် အိမ်နဲ့ နီးတာကိုး ဗျ။ သို့ဖြင့် ဖြတ်လမ်းအတိုင်း ခြေဖွဖွနင်းကာ ရောက်လာခဲ့သည် ။ ထိုပတ်ဝန်းကျင်၌ တတ်ဆိတ်ပြီး မှောင်မည်းလှသည် ။ မြင့်ဇော်မှာ  လျှောက်နေရင်း တဖြည်းဖြည်း အားငယ်စိတ်တွေ ဝင်လာခဲ့သည် ။

မလာခဲ့ရင် ကောင်းသားဟု ကိုယ့်ကိုယ်ကိုယ် တွေးမိသည် ။ ရုပ်ရှင်ဇာတ်ကားတွေကလို တော၌ လူတစ်ယောက်တည်း သွားနေသည့် အတွေးမျိုး မြင့်ဇော် ခေါင်းထဲ၌ ဝင်လာ၏။ ဒီအချိန်ကျမှ ဒီလို အတွေးမျိုး ဝင်ရသလားဟု ကိုယ့်ကိုယ်ကိုယ် ဘဝင်မကျ ဖြစ်နေမိလေ၏။ မိမိအားရှေ့ကဘဲ ခြောက်မှာ လား နောက်ကဘဲ ခြောက်မှာ လား သတိထားနေရသည် ။

ဒီလိုနဲ့ ဟိုတယ် ရှေ့နားသို့ ရောက်လာသည် ။ ဒီဟာ ကျော်ပြီးရင်တော့ လွတ်ပြီဟု ပြောကာ သက်ပြင်းချ၍ သတ္တိခဲကာ လျှောက်လာခဲ့သည် ။ ပတ်ဝန်းကျင်မှာ  မှောင်မဲနေပြီ ... လျှောက်လာရင်း ဟိုတယ်ကို တစ်ချက် လှမ်းကြည့်မိလိုက်သည် ။ ထူးခြားတာက လူမရှိတဲ့ ဟိုတယ်မှာ အခန်းတစ်နေရာ၌ မီးလင်းနေသည် ကို သတိထားမိသည် ။ ဟိုတယ်က

ငါးထပ်တိုက်ဆိုရင် လေးထပ်ဆင့်ရဲ့ ထောင့်ခန်းလေးမှာ လင်းနေတာ ပေါ့။ မြင့်ဇော်လည်း ပထမတော့ နည်းနည်း ကြောက်သွားလေ၏။ ပြီး တော့ ကိုယ်နဲ့ မဆိုင်ဟု တွေးပြီး ခပ်မြန်မြန် လျှောက်သွားခဲ့သည် ။

ဟိုတယ်ကို ကျော်ဖြတ်သွားတော့လည်း မြင့်ဇော် သက်ပြင်းချကာ အသကုန် ပြေးတော့သည် ။ ညစာစားဖို့ ဝယ်လာတဲ့ ခေါက်ဆွဲထုပ်တောင် ဘယ်နားကျလို့ ကျခဲ့မှန်းတောင် မသိအောင်ပင်သတိ မထားတော့။ နောက်နေ့မနက် ထိုလမ်းအတိုင်း ဆိုင်သို့ ပြန်သွားလေသည် ။ သို့သော် အခန်းမီး လင်းနေသည် ကိုတော့ ထပ်မတွေ့ရတော့။

ညနေပိုင်း ပြန်လာရင်တော့ မီးလင်းတာ တွေ့ရသည် ။ ဒီလိုနဲ့ မကြာမကြာ ထိုလမ်းက ဖြတ်သွားဖြတ်လာ လုပ်တော့သည် ။ သူငယ်ချင်းတွေလည်း သူ့ကို မေးသေးသည် ။

"ဟေ့ရောင် မြင့်ဇော် မင်းအခုတလော နာမည်ကြီးနေတဲ့ လမ်းက ပြန်နေတာ သရဲ မခြောက်ဘူးလားကွာ"

"မခြောက်ဘာဘူးကွ ဘာဆိုဘာမှ ကို မတွေ့ရဘူး"

"ဒါနဲ့ မင်းမကြောက်ဘူးလား"

"အရင်ကတော့ ကြောက်မိတယ် အခု ဘာမှ ကို မကြောက်တော့ဘူး ဟဲ ဟဲ"

"အေး ... ဟိုက မခြောက်သေးလို့ ... ခြောက်လိုက်လို့ ရှိရင် ဟုတ်ပေ့ ဖြစ်နေဦးမယ်" ဆိုပြီး စနောက် ကြသေးသည် ...။

တစ်ညတော့...

"ဟာ ငါ ဘယ်ရောက် နေတာလဲ..."

မြင့်ဇော် အမှောင်ကြားထဲမှ အလန့်တကြား အော်ပြောလိုက်သည်။

"ဟင် ... ငါ ... ငါ ... ဟို ... ဟို ... သရဲခြောက်တဲ့ ဟိုတယ် ခြံဝင်းထဲ ရောက် နေတာပဲ ... ဘုရား ... ဘုရား ..."

ဘေးပတ်ဝန်းကျင်ကို ကြည့်ပြီး ကြက်သီးမွေးတွေတောင် ထလာ မ တတ် ဖြစ်ချေတော့၏။ လူသေနံ့ ပုတ်ဇော်နံ့တွေကလည်း နံဟောင်းလို့။ ဝေါ့ ... ဝေါ...အနံ့မခံနိုင်ဘဲ မြင့်ဇော် ထိုနေရာ၌ပင် အန်ချ လိုက်တော့သ ည်။ သို့ဖြင့် ဟိုတယ်ကို မော့ကြည့်လိုက်တော့ ၄ထပ် လိုင်းအခန်း တစ် ခန်းမှာ မီးလင်းနေ၏။ စပ်စုချင်တဲ့ စိတ်ကြောင့် မဆိုင်းမလင့် ဘာမှ မ တွေးတော့ဘဲ မြင့်ဇော် ဟိုတယ် အပေါ်ထပ်သို့ တတ်သွား ခဲ့လေသည်။ အိတ်ကပ်ထဲမှ မီးခြစ်ကိုယူကာ အလင်းအဖြစ် အသုံးပြု၍ တက်လာရာ ၄ထပ်တိုက်သို့ ရောက်ရှိသွားခဲ့သည်။ ဟိုတယ်ကြီးကလည်း ရှုပ်ပွလို့ ... နှစ်နဲ့ ချီ လူမရှိတဲ့ အတိုင်းပင်...။ မီးလင်းနေသော အခန်းနားသို့ ရောက် ရှိခဲ့တော့...

"အောင်မလဲ..."ဟု လန့်အော်လိုက်မိသည်။ မြင့်ဇော်ရှေ့ ကြွက်ဖြတ် သွားလို့ အော်လိုက်ခြင်း ဖြစ်သည်။ မြင့်ဇော် အခန်းနံပါတ်ကို တစ်ချက် ကြည့်လိုက်မိသည်။ '၁၀၄'ဟု ရေးထိုး ထားလေသည်။

သို့ဖြင့် အခန်းတံခါးကို တွန်းဖွင့် လိုက်သည်။ ကေ ... ညေ ... ဟု တံ ခါးဖွင့်သံ မြည်သွားလေ၏။ ထိုချိန် မြင့်ဇော် အံ့ဩသွားသည်။ ပါးစပ်မှ ဟတစ်လုံးပဲ ထွက်နိုင်တော့သည်။ သူအခန်းထဲမှာ တွေ့လိုက်ရတဲ့ အ ရာက ... ဓာတ်ပုံလေ။ ဟုတ်တယ်။

နံရံဘေးမှာ ချိတ်ထားတဲ့ ဓာတ်ပုံတွေကြောင့် ပေါ့။ အဲဒီ ဓာတ်ပုံတွေ က ရိုးရိုးပုံတွေ မဟုတ်ချေ။ မိမိ၏ ပုံများ ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

ငါဒီဟိုတယ်နဲ့ လည်း မပတ်သတ်မိပါဘူး ... ဟု မြင့်ဇော် စဉ်စားပြီး ခေါင်းရှုပ် နေတော့သည် ။ စဉ်စားနေရင်း ညာဘက်မှာ ထားထားသော မှန်ကို တစ်ချက် ကြည့်မိလိုက်သည် ။ ဒီတစ်ခါတော့ ကြက်သီးမွေးထ ... ခေါင်းနပန်း ကြီးသွားတော့သည် ။

မှန်၌ သွေးနဲ့ စာရေးထားခြင်းပင် ဖြစ်သည် ။ စာမှာ -ကျွန်မကို ကယ်ပါ ... အခန်းနံပါတ် ၁၀၄မှာ ကျွန်မရှိတယ် ဆိုတာပေါ့။ မှန်က လူတစ်ယောက် ရပ်စာလောက် ရှိသည် ။ မြင့်ဇော် ချွေးပေါက်ပေါက် ထွက်လာကာ ဟိုကြည့်သည် ကြည့် ကြည့်နေစဉ် ... မှန်ထဲမှာ ကောင်မလေး တစ်ယောက်ရဲ့ ပုံရိပ်ပေါ်လာခဲ့သည် ။

"အား...သရဲ" ဆိုပြီး ရုတ်တရက် နောက်လှည့် ကြည့်လိုက်တော့ ဘာမှ မတွေ့ရ ဘာမှ မရှိ ... ရှေ့လှည့်ကြည့်ပြန်တော့ မှန်ထဲမှာ သရဲမ ပေါ်နေသည် ။ အပြင်မှာ မတွေ့ရပဲ မှန်ထဲ၌ သာ တွေ့ရခြင်း ဖြစ်သည် ။ ထိုချိန် အသကုန် ကြောက်ပြီး ထွက်ပြေးဖို့ အခန်းတံခါးဖွင့်တော့ ဖွင့်လို့ မရ ဖြစ်နေတော့သည် ။

မှန်ကို ကြည့်လိုက် တံခါးကို ထုလိုက်နဲ့ ဖြစ်နေကာ ဗျာများ နေတော့သည် ။ သရဲမက မျက်ထောင့်နီနီ ... ဆံပင်ဖားလားကြီးနဲ့ သူ့ကို ကြည့်နေသည် ။ ငါ့ကို လွတ်ပါတော့ ငယ်သံပါအောင် မြင့်ဇော် အော်လိုက်တော့သည် ။

ထိုချိန်မှန်ထဲမှ သရဲမ ထွက်လာတော့သည် ။ မှန်က မကွဲပဲ လူသာ ထွက်လာသလို ဖြစ်နေသည် ။ ထိုအခါ သရဲမက ခေါင်းခါပြသည် လက်တွေ လှုပ်ပြသည် ။ အကူအညီ တောင်းတဲ့ ပုံစမ်းမျိုး လုပ်ပြသည် ။ စကား မပြောချေ။

သရဲမ လုပ်ပုံကို မြင့်ဇော်လည်း သဘောပေါက်ကာ ငါမကူညီနိုင်ဘူး

ဟု ဆိုပြီး တံခါးကို ထုရိုက် နေတော့သည် ။ ထို့နောက် သရဲမမျက်နှာမှ အားငယ်စိတ် သိမ်ငယ်စိတ် ဖြစ်လာနေသည် ကို မြင့်ဇော် သတိထားမိသည် ။ ထိုအခါ သရဲမသည် စာကြည့်ခုံပေါ်သို့ လက်ညိုး ထိုးပြသည် ။ မြင့်ဇော် ကြည့်လိုက်တော့ စားပွဲပေါ်၌ စာအုပ်တစ်အုပ် ရှိသည် ကို တွေ့ရသည် ။ သရဲမက ယူဖတ်ဖို့ အမူအရာ လုပ်ပြပုံ ရသည် ။

သို့သော် ... နင့်ကို ကယ်မှာ က နောက်မှ ထား ... အခု ငါ့ကို အရင် လွှတ်ပေး ... ဆိုပြီး ငယ်သံနဲ့ တကွ ငိုသံနဲ့ ပါ ပြောတော့သည် ။ သရဲမ လည်း ခေါင်းငုံ့ကာ ... ချက်ချင်း ပျောက်ကွယ် သွားသည် ။ မြင့်ဇော် လည်း တစ်ခန်းလုံးကို ပတ်ကြည့်သည် ဘာမှ မတွေ့ရတော့ ... ထို့နောက် တံခါးကို ဖွင့်ကြည့်လိုက်တော့ ... တံခါးမှာ အလွယ်တကူ ဖွင့်သွားလေ၏။ လွတ်ပြီဟု အတွေးနဲ့ ပီတိ ဖြစ်မိသည် ။